# Minutes of Myanmar Language Information Management Network Meeting
*25th January 2023, 2PM MMT, online via Zoom*

## Agenda

1. MIMU Baseline Dataset Dashboard - Demo version - *Presented by MIMU*
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: ACRO, CARE Myanmar Cesvi, DRC, GNI, HALO, ICRC, IDEA, Ipas, Jhpiego, JOICFP, KMSS, KWEG, MA-UK Myanmar, MAG, MI, MIMU, NAG, NRC, Nyein, SpY, UNICEF, UNRCO, WF, WFP, WHMF, WVM (35 participants from 27 organisations)

## 1. MIMU Baseline Dataset Dashboard - Demo version – *Presented by MIMU*

MIMU မှ ဒေါ်အိအိသိန်းက MMIU Baseline Dataset Dashboard – Demo Version ကို ရှင်းလင်း၊ ပြသ၊ ဆွေးနွေးခဲ့ပါသည်။ MIMU စတင်ခဲ့သော 2007 တွင် Baseline dataset ကို စတင်ပြုစုထိန်းသိမ်းခဲ့ပြီး Indicator ပေါင်း ၂၉၂ ခု၊ sector ၁၃ ခု ရှိပါသည်။ ၂၀၁၉ ခုနှစ်မှစတင်သည့် ကိန်းညွှန်းများကို Database တွင် ထိန်းသိမ်းထားပြီး ၂၀၁၁ မှ ၂၀၂၂ ထိ အချက်အလက်များကို ထုတ်ဝေပါသည်။ ဒေတာအရင်းအမြစ်အနေဖြင့်နှစ်အလိုက်ထုတ်ပြန်ခဲ့သည့် အရေအတွက် စုစုပေါင်း၄၃၄ ခု ရှိပြီး administrative level အနေနဲ့ Union၊ State/Region၊ Township အနေနဲ့ ၃ ခု ရှိပါသည်။ MIMU Baseline Dataset သည် ထုတ်ပြန်ပြီးဖြစ်သော publication များတွင် ဖော်ပြပါဝင်သည့် indicator result များကို ပြန်ပြင်ခြင်း၊ ပြန်တွက်ခြင်း မပြုလုပ်ပဲ တူညီသော ကိန်းညွှန်းများအလိုက် ပေါင်းစည်းထားခြင်းသာဖြစ်ပါသည်။ ထို့နောက် ဆက်လက်ပြီး အဓိက ရရှိသော နှစ်စဉ်ထွက် publication sources များကို Local၊ International အနေဖြင့် ခွဲခြား ပြောပြသွားပါသည်။ Indicators များသည် ယခင်က Millennium Development Goals နှင့်ကိုက်ညီသော indicator များ ဖြစ်ပြီး ယခု Sustainable Development Goals နှင့် ကိုက်ညီသော indicators များကို ထည့်သွင်းပြုစုပါသည်။ MIMU မှ ရရှိသော ဒေတာများကို ပြန်လည်တွက်ချက်ပြီး baseline dataset တွင် မထည့်သော်လည်း MIMU မှ လုပ်ထားသော Data Analysis များရှိပါသည်။ MIMU Data Analysis Team မှ analyze လုပ်ပြီး ထုတ်ထားသော publication ၆ ခုခန့် ရှိပြီး Climate Change၊ Household Amenities၊ Disability in Myanmar၊ Changes in Drinking Water use၊ Vulnerability Study နှင့် Situation Analysis of southeastern Myanmar တို့ ဖြစ်သည်။ ၎င်းတို့ကို Presentation Slide တွင် ထည့်ထားပေးသော link များမှ တဆင့်ဖြစ်စေ MIMU Website မှ MIMU Analysis Page မှ ဖြစ်စေ သွားရောက်ကြည့်ရှုပြီး ဒေါင်းလုတ်ရယူနိုင်ပါသည်။ Baseline dataset ကို Database Model အနေဖြင့် data ကို Excel တွင် ပြင်ဆင်ပြီး Assess Database ထဲတွင် ထည့်ပါသည်။ နောက်ပိုင်းတွင် MIMU internal new database system – MIWA (MIMU Interactive Web Application) တွင် ထည့်ပါသည်။ Indicator Listing အနေဖြင့် Indicator၊ Indicator Type များပါဝင်ပြီး Level၊ Source information များကိုလဲ ထည့်သွင်းထားပါသည်။ ၎င်းကို ၂၀၂၂ ခု မတ်လ အထိသာ

ထုတ်မည်ဖြစ်ပြီး နောက်ပိုင်းတွင် အချက်အလက်များကို ပိုမိုလွယ်ကူစွာ ရှာဖွေကြည့်ရှုနိုင်မည့် Dashboard အနေဖြင့် ပြောင်းလဲမည် ဖြစ်သည်။ Data များကို ပြုစုပြီး MMIU Website၊ Data & Databases အောက်တွင် Baseline Dataset စာမျက်နှာတွင် ဖြန့်ဝေပါသည်။ MMIU Baseline Dataset မှ ကောင်းနိုးရာရာများကို မြေပုံအနေဖြင့် ထုတ်လုပ်ဖြန့်ဝေခြင်းလဲ ရှိပါသည်။ ဆက်လက်ပြီး ၅ နှစ်စာ ဒေတာဖြင့် ဖော်ပြထားသော Monastic Education Dashboard၊ MMIU Township Profile Dashboard၊ Census Dashboard တို့ကို ရှင်းလင်းပြောပြပါသည်။ ထို့နောက် Demo version အနေဖြင့် Baseline Dataset Dashboard ကို လက်တွေ့ပြသ ရှင်းပြခဲ့ပါသည်။

## 3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**UNRCO။** Country UNCT Level ရဲ့၂၀၂၁ Report ထွက်ထားပြီး ၂၀၂၂ ကို ပြင်ဆင်နေပါသည်။

**Food Security Cluster။** IM Update အနေဖြင့် Food Security Cluster တွင် 5W ဒီဇင်ဘာ Report ကို လက်ရှိ ကောက်ယူထားပြီး IM Product များကို ဆက်ပြီး ထုတ်သွားဖို့ ရှိပါသည်။ HRP အတွက် Cluster Report ကို ဇန်နဝါရီ လကုန်တွင် 5W Report မှ ထုတ်ဖို့ ရှိပါသည်။ လစဉ် Report များကို Food Security Cluster Website တွင် တင်ပါသည်။ Dashboard ကိုလဲ ကြည့်ရှုလေ့လာနိုင်ပါသည်။
Food Security Cluster Website - https://fscluster.org/myanmar

**MIMU။** MIMU 5W activity schedule အနေဖြင့် 5W Data ကောက်ယူခြင်းကို လာမည့် ဖေဖော်ဝါရီ လလယ်လောက်တွင် စတင်မည်ဖြစ်ပြီး deadline မှာ မတ်လ ၁၄ ရက်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၁ မှ မတ်လ ၁၄ ရက်အတွင်း 5W Support Sessions များ ၅ ကြိမ် ရှိပါမည်။ ဖေဖော်ဝါရီ ၇ ရက်နေ့တွင် 5W focal confirm လုပ်သော အီးမေလ်ကို ပေးပို့မည် ဖြစ်သည်။ ဧပြီ လဆန်းပိုင်းတွင်limited distribution အနေဖြင့် ဒေတာများ စတင် ထုတ်လွှင့်မည် ဖြစ်သည်။ အခြား မြေပုံများ၊ dashboard များကို သကြ်န်မတိုင်ခင် ထုတ်ပြန်နိုင်ရန် ရည်ရွှယ်ထားပြီး ပြည်နယ်နှင့်တိုင်း ကျေးရွာအုပ်စုအဆင့် မြေပုံများကို ဧပြီ လမကုန်မှီ ဆက်လက်ထုတ်မည် ဖြစ်သည်။ Overview Report များကို Overview Dashboard နှင့် ယခင်အပတ်စဉ်မှ စပြီး အစားထိုးပြောင်းလဲ ထားပါသည်။ နောက် အစီအစဉ်အနေဖြင့် IM Workshop ကို ဖေဖော်ဝါရီလတွင် ပြုလုပ်ဖို့ ရှိပြီး သင်တန်းကာလ ၄ ရက် ဖြစ်သည်။ Assessment Tracking ကို ကောက်ယူနေပြီး deadline မှာ ဇန်နဝါရီ ၃၁ ရက် ဖြစ်ပါသည်။ ကောက်ယူပြီးပါက Assessment Dashboard ကို update လုပ်မည် ဖြစ်ပါသည်။ GIS Activity အနေဖြင့် village mapping exercise ကို လုပ်ထားပြီး အဖွဲ့အစည်းများ၏ အင်တိုက်အားတိုက် ပါဝင်မှုကြောင့် ကနဦး ရလဒ်အနေဖြင့် MIMU သည် မြို့နယ် 39 ခုရှိ ကျေးရွာပေါင်း 1900 နီးပါး၏ အချက်အလက်များကို အပ်ဒိတ်လုပ်နိုင်ခဲ့သည်။ အပ်ဒိတ်လုပ်ထားသောအချက်အလက်များတွင် ကျေးရွာပေါင်း 1500 ၏ ပြုပြင်ထားသော သို့မဟုတ် အတည်ပြုထားသောနေရာများ၊ တည်နေရာ ကျေးရွာပေါင်း 300 ခန့်၏ အပ်ဒိတ်များနှင့် မရှိတော့သောကျေးရွာအချို့ကို ဖယ်ရှားခြင်းတို့ ပါဝင်ပါသည်။

## 6. အခြားဆွေးနွေးမှုများ

နောက် တစ်ကြိမ် အစည်းအဝေး ကို မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက မအိအိသိန်း၊ ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။